မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်စျေးကွက်သတင်းလွှာ

July 4, 2025 Volume 92, Number 4

၄.၇.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = N/A |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၁.၃၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၂.၇၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၆၈.၈၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၇.၁၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၀၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၀၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၉၃ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မန္တလေးပဲ၊နှမ်းစျေးကွက်တွင် ပို့ကုန်ပဲများ အရောင်းအဝယ်အေးနေပြီး နှမ်းနှမ်းများသာ အရောင်းအဝယ်ဖြစ်နေ



မန္တလေးပဲ၊နှမ်းစျေးကွက်တွင် ပို့ကုန် မတ်ပဲ၊ပဲစင်းငုံ၊မတ်ပဲများ အရောင်းအဝယ်အေးနေပြီးနှမ်းနှမ်းများသာအရောင်းအဝယ်ကောင်းနေကြောင်းကုန်သည်များထံက သိရသည်။

ပို့ကုန် မတ်ပဲ၊ပဲစင်းငုံ၊မတ်ပဲများမှာ စျေးကွက်ကျဆင်းနေရာမှ ဒွန်လကုန်ရက်များတွင် အနည်းငယ်စျေးပြန်လည်မြင့်တက်လာသော်လည်း အရောင်းအဝယ်အေးနေသေးကြောင်း၊ ပဲ၊ နှမ်းစျေးကွက်တွင် နှမ်းမျိုးစုံတစ်မျိုးသာ အရောင်းအဝယ်သွက်စျေးကောင်းနေကြောင်း ဇူလိုင် ၂ ရက်တွင် နှမ်းနက်သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၈၃၀,၀၀၀ ထိပေါက်စျေးရှိလာကြောင်း၊ ပြည်တွင်းပဲဆီစက်များ၏ ဝယ်လိုအားကောင်းလာသောကြောင့်မြေပဲဆန်စျေးကွက်မှာလည်း အရောင်းအဝယ်သွက်နေကြောင်း၊လက်ရှိမှာ နှမ်းနှမ်းအသစ်များကို မန္တလေးစျေးကွက်သို့ ကျောက်ဆည်၊ ရွှေဘိုဒေသများမှ နှမ်းနှမ်းများဝင်ရောက်နေကြောင်း ပဲ၊နှမ်းကုန်သည်တစ်ဦးက ပြောသည်။

“ ပို့ကုန်ပဲအုပ်စုမှာ မတ်ပဲကတော့ စျေးအနည်းငယ်ပြန်တက်လာပါတယ်၊ ပဲစင်းငုံကလည်းစျေးကျဆင်းနေရာကနေ တစ်အိတ်လျှင်ငွေကျပ် ၅၀၀၀ ခန့်ပြန်တက်လာပါတယ်။ ပဲတီစိမ်းအညာထိပ်စတစ်အိတ် ၃၆၅,၀၀၀ ထိ အရည်အသွေးအလိုက် စျေးကွာခြားမှုရှိပါတယ်။ပို့ကုန်ပဲတွေက အရောင်းအဝယ်အေးနေပေမဲ့ စျေးကတော့အနည်းငယ်ပြန်တက်လာပါတယ်။နှမ်းတွေကတော့အသစ်တွေ ဝင်ရောက်လာရာမှာ နှမ်းနက်တစ်မျိုးကတော့ စျေးကောင်းရနေပါတယ်။ပြည်တွင်းသုံးကုလားပဲစျေးကတော့အတက်အကျမရှိ စျေးငြိမ်နေပါတယ်။ ဆီစက်ပိုင်တွေ အဝယ်ကောင်းလာလို့ မြေပဲဆန်စျေးလည်း အနည်းငယ်ပြန်တက်လာပါတယ်” ဟု ၎င်းကပြောသည်။

ဇူလိုင် ၂ ရက်တွင်ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၆၅,၀၀၀ ၊မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၄,၀၀၀ ၊ပဲတီစိမ်း(အညာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၀,၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဖွန်တစ်လလုံး ဈေးအပြောင်းအလဲမရှိ ဈေးငြိမ် အရောင်းအဝယ်အေးနေရာ V 2 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၂,၀၀၀ ၊ V 7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၃,၀၀၀၊ ၉၂၉ ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၅,၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများတွင် ဇူလိုင် ၂ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၂၅,၀၀၀–၃၃၀,၀၀၀ ၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၅၂၀,၀၀၀၊ပဲနီပြာ (ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၄၁၀,၀၀၀ ၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၂၅၀,၀၀၀၊မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၄၀၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းပဲဆီစက်များ  အဝယ်ကောင်းနေသလို နှမ်းနက်မှာ ပို့ကုန်အတွက် ဝယ်ယူနေခြင်းကြောင့် နှမ်းနက်မှာ ပို့ကုန်အတွက်ဝယ်ယူနေခြင်းကြောင့်နှမ်းဈေးမျိုးစုံနှင့်မြေပဲဆန်များအရောင်းအဝယ်ကောင်းနေခြင်းဖြစ်ရာ ဇူလိုင် ၂ ရက်တွင် နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၃၀,၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၈၆,၀၀၀၊ နှမ်းဖြူ (ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၅,၀၀၀၊မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၃၀၀၊မြေပဲဆီတစ်ပိဿာလျှင်ငွေကျပ် ၁၇,၅၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀–၄၅၅၀ အသီးသီးပေါက်ဈေးရှိနေ ကြောင်းသိရသည်။

**Source : မကွေးဂျာနယ်**

## မကွေး၌ မျိုးမြေပဲအဖြူဆန်ဈေး အမြင့်ဘက်ရှိနေ



မကွေးမြို့မှာ မိုးနှမ်းပေါ်ပြီးနောက် ဆောင်းမြေပဲ စိုက်ပျိုးဖို့ မျိုးမြေပဲတွေကို အရောင်းအဝယ် ပြုလုပ်နေကြရာမှာ မြေပဲအဖြူဆန်ဈေးက အမြင့်ဘက်မှာရှိနေတယ်လို့ ကုန်သည်တွေဆီက သိရပါတယ်။

မျိုးမြေပဲရောင်းချရာမှာ အဖြူဆန်နဲ့တွန်တာနီ ၂ မျိုးခွဲ ရောင်းချကြပြီး အဖြူဆန်ဈေးက  ပြည်တွင်းလုပ်ငန်းသုံးများတဲ့အတွက်  ဈေးအမြင့်ဘက်မှာရှိနေတာပါ။မကွေးမြို့မြေပဲဈေးကွက်မှာတော့ မြေပဲအဖြူဆန် တစ်တင်းကိုကျပ် တစ်သိန်းခုနစ်သောင်းထိ ပေါက်ဈေးရှိနေပြီး မြေပဲ တွန်တာနီဈေးကတော့ တစ်တင်းကို ကျပ်တစ်သိန်းခြောက်သောင်းသာ ပေါက်ဈေးရှိနေတယ်လို့ သိရပါတယ်။

လက်ရှိမှာ မြေပဲအဖြူဆန်ဈေး အမြင့်ဘက်မှာရှိနေပြီး မျိုးမြေပဲတွေလည်း စတင်ရောင်းချနေရပြီလို့ မကွေးမြို့က ပဲ၊ နှမ်းရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှာ မြေပဲ(တွန်တာနီ) စိုက်ပျိုးမှုများသလို ဧရာဝတီမြစ် အရှေ့ဘက်ကမ်းမှာမြေပဲအဖြူဆန်ကိုပဲစိုက်ပျိုးမှုများတာပါ။မြေပဲဆန်ဈေးကွက်မှာတော့ တရုတ်ဈေးကွက်ရှိရင် မြေပဲ(တွန်တာနီ)ဈေးကွက်ကောင်းပြီး ပြည်တွင်းလုပ်ငန်းသုံးဆိုရင်တော့ မြေပဲအဖြူဆန်ဈေးကွက်ကကောင်းတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## နဂါးမောက်သီးများလှိုင်လှိုင်ပေါ်ချိန် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိနေ



ပြင်ဦးလွင်ဒေသနှင့်ပုပ္ပားဒေသထွက် နဂါးမောက်သီးများ ဇွန်လလယ် ပိုင်းမှစတင်ကာ လှိုင်လှိုင်ပေါ်လေ့ရှိရာ ဇူလိုင်လဆန်းပိုင်းတွင် မန္တလေး ဈေးကွက်တွင်အဝင်များလာသော်လည်း ဈေးကျဆင်းမှုမရှိဘဲ ဈေးကောင်း ရရှိနေကြောင်း သိရသည်။

ပေါ်ဦးပေါ်ဖျားအချိန်ဇွန်လလယ်ပိုင်းက ဈေးပိုမိုရရှိခဲ့ကြောင်း လက်ရှိ အချိန်တွင် ပုပ္ပားဒေသထွက် နဂါးမောက်သီးများ ဝင်ရောက်လာချိန်တွင် ဈေးအနည်းငယ်ပြန်လည်ကျဆင်းမှုရှိသော်လည်း ဈေးကောင်းရရှိနေရာ နဂါးမောက်သီးတစ်လုံးလျှင်ငွေကျပ် ၁၀၀၀-၃၀၀၀ အရွယ်အစားအလိုက် ဈေးကောင်းရရှိနေကြောင်း နဂါးမောက်သီးစိုက်တောင်သူတစ်ဦးက ပြောသည်။

“ပြင်ဦးလွင်ဒေသထွက် နဂါးမောက်သီးများစတင်ထွက်ရှိချိန်က ပေါ်ဦးပေါ်ဖျားမို့တစ်လုံး ငွေကျပ် ၃၅၀၀-၄၀၀၀ ရောင်း ရ ပါတယ်။အခုချိန်မှာ ပုပ္ပားသီးတွေပါ ဈေးကွက်အတွင်းဝင်ရောက်လာတော့ ဈေးအနည်းငယ်ကျဆင်းလာပါ တယ်။ လက်ရှိ မှာ ခြံဝူးဈေး တစ်လုံး ၁၀၀၀-၂၅၀၀ ထိဈေးကောင်းရနေပါတယ်။မန္တလေးဈေးကွက်အပြင် နေပြည်တော်၊ ရန်ကုန်၊ မော်လမြိုင် ဈေးကွက်တွေထိ တင်ပို့ရောင်းချနေပါတယ်”ဟု ၎င်းကပြောသည်။

နဂါးမောက်သီးမှာ ၃ မျိုးရှိပြီး နဂါးမောက်သီး အဝါ၊အဖြူ၊အနီဟူ၍ရှိရာ ဈေးကွက်အတွင်းတွင် အဖြူရောင်နှင့်အနီရောင် နဂါးမောက်သီးကို စီးပွားဖြစ်အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## စားအုန်းဆီဝယ်ယူမှု၌ စည်းကမ်းပျက်ဖုန်းများကို အမည်မည်းစာရင်းသွင်း



စားအုန်းဆီ အိမ်အရောက်ဖြန့်ဖြူးရောင်းချရာမှာ စည်းကမ်းနဲ့မညီတဲ့ ဖုန်းနံပါတ် ၁၈,၀၀၀ ကျော်ကို အမည် မည်းစာရင်းသွင်းထားတယ်လို့ မြန်မာနိုင်ငံဆီကုန်သည် နှင့်ဆီလုပ်ငန်းရှင်များအသင်းက သိရပါတယ်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်တိုင်ရာ ရောက် (Door to Door) စနစ်နဲ့ စားအုန်းဆီတွေကို ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ် ဩဂုတ်လကစပြီး ရောင်းချပေးခဲ့တာပါ။

အဲဒီလို ရောင်းချရာမှာ လိပ်စာမှားပေးသူနဲ့ ဖုန်းနံပါတ်အမှားပေးသူတွေ စိစစ်တွေ့ရတဲ့အတွက် စည်းမျဉ်းစည်းကမ်းနဲ့မညီ တဲ့ ဖုန်းနံပါတ်တွေကို မှာယူခွင့်ရပ်လိုက်တာဖြစ်တယ်လို့ သိရပါတယ်။

စားအုန်းဆီတွေဝယ်ယူဖို့ နေ့စဉ်ဆက်သွယ်မှာယူတဲ့သူတွေဟာ တစ်ရက်ကို အမှာစာ ၆၅၀၀ ကနေ ၇၀၀၀ အထိ ရှိနေပြီး လက်ရှိအချိန်အထိ အိမ်ထောင်စုတစ်သန်းဝန်းကျင်ကို ရောင်းချပေးပြီး ဖြစ်တယ်လို့ ဆိုပါတယ်။

အိမ်အရောက် စားအုန်းဆီရောင်းချရာမှာသယ်ယူပို့ဆောင်ခကို ဝယ်သူကပေးဆောင်ရတာဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင် သာယာနယ်နိမိတ် ၃၃ မြို့နယ်ကို ၂၅၀၀ ကျပ်ထက် မပိုတဲ့ဈေးနဲ့စည်ပင်နယ်နိမိတ်ပြင်ပ ၁၁ မြို့နယ်ကိုတော့ ၃၀၀၀ ကျပ် ထက် မပိုတဲ့ နှုန်းထားနဲ့ ရောင်းချပေးနေတာ ဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားအုန်းဆီတွေဖြန့်ဖြူးနိုင်ဖို့ လိုင်းခွဲတွေတိုးချဲ့ထားသလို မှာယူသူများတဲ့အတွက် အိမ်ထောင်စုတစ်စုကို တစ်လ သုံးပိဿာနှုန်းအထိ တိုးမြှင့်ရောင်းချပေးနေတယ်လို့ သိရပါတယ်။

ဇွန်လ ၂၃ ရက် ကနေ ၂၉ ရက်အထိ ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေးမှာ စားအုန်းဆီ တစ်ပိဿာကို ၆၀၈၀ကျပ် သတ်မှတ်ထားပြီး အခုနှစ် ခြောက်လအတွင်း စားအုန်းဆီရည်ညွှန်းဈေးကလည်း ကျပ် ၁၂၀၀ နီးပါး ကျဆင်းလာခဲ့တယ်လို့ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီကနေ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## မိုးကြက်သွန်များ စိုက်ပျိုးမှုအခြေအနေနှင့် ဈေးနှုန်းဈေးကွက်



စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ကြက်သွန်နီစိုက်ပျိုးရန် ဧကပေါင်း ၄၇,၀၀၀ ကျော်လျာထားပြီး မိုးကြက်သွန် ဧက ၂၃၀၀ ကျော် လျာထားသည်။

ဇူလိုင်လ ပထမပတ်အထိ မိုးကြက်သွန် ဧက ၉၀၀ ခန့် စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

မုံရွာပွဲရုံသို့ နေ့စဉ်ဝင်ရောက်မှုမှာ ကြက်သွန်နီ ပိဿာချိန် ၅၀၀၀ ခန့် အဝင်ရှိနေကြောင်း သီးနှံပွဲရုံတစ်ခုက သိရသည်။ ကြက်သွန်နီများကို ရန်ကုန်၊ မန္တလေးနှင့် အထက်ပိုင်း ဟုမ္မလင်း၊ ခန္တီး မြို့များသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ် မုံရွာပွဲရုံများတွင် ကြက်သွန်နီလက်ကားတစ်ပိဿာ ပေါက်ဈေးနှုန်းများမှာ (ကြီး) ၁၃၀၀ ကျပ်၊ (လတ်) ၁၁၀၀ ကျပ်၊ (သေး) ၈၀၀ ကျပ်နှုန်းရှိပြီး၊ လက်လီဈေးနှုန်းများမှာ (ကြီး) ၁၇၀၀ ကျပ်၊ (လတ်) ၁၄၀၀ ကျပ်၊ (သေး) ၁၀၀၀ ကျပ်ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ယခင်နှစ် ကာလတူဖြင့် နှိုင်းယှဉ်ပါက ကြက်သွန်နီဈေးများ တစ်ပိဿာလျှင် ၇၀၀ ကျပ်ခန့် ကျဆင်းနေကြောင်းသိရသည်။

**Source :** https://myantrade.gov.mm/

## ဇင်ဘာဘွေနိုင်ငံသည် စားနပ်ရိက္ခာမလုံခြုံမှုကို လျှော့ချရန်အတွက် ပြောင်းအထွက်နှုန်း ကြီးမားစွာ ပြန်လည်ကောင်းမွန်လာစေရန် ဆောင်ရွက်လျက်ရှိ



ဇင်ဘာဘွေနိုင်ငံသည်ယခုနှစ်တွင် ပြောင်းအထွက်နှုန်းကြီးမားစွာပြန်လည်မြင့်တက်လာမည်ဟု ခန့်မှန်းထားပြီး ယမန်နှစ် ပြင်းထန်သော မိုးခေါင်မှုကြောင့် နိုင်ငံ၏စားနပ်ရိက္ခာမလုံခြုံမှုကို လျှော့ပါးသက်သာစေရန် မျှော်လင့်ထားသည်။

ဇင်ဘာဘွေမြို့တော် ဟာရာရီတွင် ဇွန်လ ၂၄ ရက်နေ့တွင် ပြုလုပ်သည့် အစိုးရဖွဲ့အပြီး မီဒီယာရှင်းလင်းပွဲ၌ ပြန်ကြားရေး၊ ထုတ်ဝေရေးနှင့် အသံလွှင့်ဝန်ဆောင်မှုဝန်ကြီး Jenfan Muswere က အာဖရိကတောင်ပိုင်းနိုင်ငံသည် ယခင်နှစ် မက်ထရစ် တန်ချိန် ၆၃၅,၀၀၀ မှ ယခုနှစ်တွင် ပြောင်းအထွက်နှုန်း မက်ထရစ်တန်ချိန် ၂,၉၂၈,၂၀၆ သို့ ပြန်လည် ရောက်ရှိရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

ပြောင်းသည် ဇင်ဘာဘွေနိုင်ငံ၏ အဓိကသီးနှံဖြစ်ပြီး နှစ်စဉ်စပါးလိုအပ်ချက် မက်ထရစ်တန် ၂ ဒသမ ၂ သန်းခန့်ရှိသည်။

လယ်သမားများ၏ စပါးပေးပို့မှုများအတွက် ငွေပေးချေမှုအဆင်ပြေချောမွေ့စေရန်နိုင်ငံ၏ထိပ်တန်းဆန်ရောင်းဝယ်ရေးနှင့် ဈေးကွက်ရှာဖွေရေးအဖွဲ့ဖြစ်သည့် သီးနှံဈေးကွက်ရှာဖွေရေးအဖွဲ့ထံသို့ အရင်းအမြစ်များကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောသည်။

ပြီးခဲ့သည့်နှစ်ကဇင်ဘာဘွေနိုင်ငံသည်ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံးအယ်နီညိုကြောင့် မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားခဲ့ရပြီး သီးနှံထုတ်လုပ်မှု ၇၇ ရာခိုင်နှုန်းကို ဖြတ်တောက်ခဲ့ပြီး နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းမှာ စားနပ်ရိက္ခာလုံခြုံမှုမရှိခဲ့ကြောင်း အစိုးရက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် ဧပြီလတွင် ဇင်ဘာဘွေသမ္မတ Emmerson Mnangagwa က မိုးခေါင်ရေရှားမှုအခြေအနေအား ကြေညာခဲ့ပြီး မိုးခေါင်ရေရှားအကျပ်အတည်းကို တုံ့ပြန်ရန် အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော် တောင်းဆိုခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်ကောင်းမွန်လာမှုနှင့်အတူ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်တို့သည် ဇင်ဘာဘွေ၏ ငတ်မွတ်ခေါင်းပါးသည့် နေရာများစာရင်းမှ မကြာသေးမီက ဖယ်ရှားခဲ့သည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## အိန္ဒိယပြည်တွင်း အဓိကစိုက်ပျိုးရာနယ်မြေများ၌ ပဲစင်းငုံဈေးနှုန်းများ ကျဆင်း



အိန္ဒိယနိုင်ငံတွင် ပဲအဓိကစိုက်ပျိုးထုတ်လုပ်သည့် ကာနာတကာပြည်နယ်ရှိ Kalaburgi နှင့် မဟာရဋ္ဌပြည်နယ်ရှိ Latur တို့ကဲ့သို့သော နယ်မြေဒေသများတွင် ပဲစင်းငုံခွဲခြမ်းဈေးနှုန်းများသည် ၃ နှစ်တာ ကာလအတွင်း အနိမ့်ဆုံးအဖြစ် ၁ ကီလိုဂရမ်လျှင် ရူပီး ၁၀၀ နှုန်း၏အောက်သို့ ကျဆင်းလျက်ရှိကြောင်း Hindu Business Line သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

၂၀၂၅ ခုနှစ် မိုးသီးနှံရာသီကာလ၌ စိုက်ပျိုးမှု အခြေအနေမှာ တိုးတက်လျက်ရှိပြီး ပဲစင်းငုံနှင့် စားတော်ပဲဝါများ တင်သွင်းမှုများပြားလာခဲ့ခြင်းက ပဲစင်းငုံဈေးနှုန်းများကျဆင်းစေရန် အလေးပေးလျက်ရှိသည်ဟု ပဲကုန်သွယ်ရောင်းဝယ်မှုနယ်ပယ်က လုပ်ငန်းရှင်များက ပြောသည်။

Latur မြို့အခြေစိုက် ပဲမျိုးစုံကြိတ်ခွဲပြုပြင်ရေးလုပ်ငန်းတစ်ခုဖြစ်သော Kalantri Food Products မှ အမှုဆောင်အရာရှိချုပ် Nitin Kalantri က အကောင်းဆုံး အရည်အသွေးအဆင့်ရှိသည့် ပဲစင်းငုံခွဲခြမ်း ၁ ကီလိုဂရမ်လျှင် ၁၀၄ ရူပီးမှ ၁၀၅ ရူပီးခန့် ဈေးနှုန်းဖြစ်ပေါ်နေချိန်တွင် ပျမ်းမျှအရည်အသွေးရှိသော ပဲစင်းငုံခွဲခြမ်း ၁ ကီလိုဂရမ်သည် ၈၄-၉၀ ရူပီးနှုန်းသာရှိကြောင်း၊ ယခင်နှစ် အလားတူကာလ၌ ဖြစ်ပေါ်ခဲ့သော ပဲစင်းငုံခွဲခြမ်းဈေးနှုန်းများသည် ဝယ်လိုအားနည်းပါးမှုနှင့်ရောင်းလိုအား ပိုလျှံမှုကြောင့် ၅၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း၊ လက်ရှိဈေးနှုန်းများသည် ၂၀၂၂ ခုနှစ်နောက်ပိုင်းတွင် အနိမ့်ဆုံးပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သော ၂ နှစ် ကာလ၌ ပြည်တွင်းထုတ်လုပ်မှု ပြတ်လပ်ခြင်းကြောင့် အမြင့်ဈေးသို့ရောက်ရှိနေသည့် ပဲစင်းငုံဈေးနှုန်းများသည်ရောင်းလိုအားများပြားလာစေရန်အစိုးရကတင်သွင်းခွင့်ကိုဖွင့်လှစ်ပေးမှုနှင့်အတူသင့်တင့်သည့်အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

အိန္ဒိယအစိုးရသည် အကောက်ခွန်လွတ် ပဲစင်းငုံတင်သွင်းခွင့်ကာလကို ၂၀၂၆ ခုနှစ် မတ်လအထိ သက်တမ်းတိုးမြှင့်ပေးထားသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယ၏ ပဲစင်းငုံတင်သွင်းမှုမှာ တန်ချိန် ၁၂ ဒသမ ၂၃ သိန်းကျော်ရှိပြီး ယခင်ဘဏ္ဍာနှစ်၌ တင်သွင်းခဲ့သည့် တန်ချိန် ၇ ဒသမ၇၁ သိန်းထက် ၅၉ ရာခိုင်နှုန်းခန့် ပိုမိုခဲ့ခြင်းဖြစ်သည်။

ဈေးကွက်အခြေအနေမှာ အရောင်းအဝယ်အေးလျက်ရှိကြောင်း၊ လက်ရှိကာလ၌ ပဲစင်းငုံသည် ရောင်းလိုအားပိုလျှံသည့် ဇုန်အတွင်း ရောက်ရှိနေကြောင်း၊ ပွဲတော်ရာသီကာလမတိုင်မီ ဝယ်လိုအားမြင့်တက်လာနိုင်မှုအရ ရှေ့လာမည့် သီတင်းပတ်များအတွင်း ဈေးနှုန်းများ မြင့်တက်လာနိုင်ခြေရှိကြောင်း၊ မုတ်သုံရာသီ၏ ဖြစ်ပေါ်တိုးတက်မှုက ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးသွင်းမှုအပေါ်ကို သက်ရောက်လျက်ရှိရာ ရှေ့လာမည့်နေ့ရက်များတွင် ပဲမျိုးစုံစားသုံးမှုမှာ တိုးတက်လာမည်ဟု ခန့်မှန်းရကြောင်းဖြင့် Mr. Kalantri က ပြောဆိုသည်။

Kalaburgi မြို့အခြေစိုက် ကာနာတကာပြည်နယ် ပဲစင်းငုံစိုက်ပျိုးသူများအသင်းမှ ဥက္ကဋ္ဌ Basavaraj Ingin ကလည်း ပဲစင်းငုံနှင့် စားတော်ပဲဝါတို့ကို တင်သွင်းမှု များပြားခြင်းကြောင့် ပဲစင်းငုံလုံးပြည့်နှင့် ပဲစင်းငုံခွဲခြမ်းတို့၏ ဈေးနှုန်းများ ကျဆင်းလာခြင်းဖြစ်ပြီး သီးနှံစိုက်ပျိုးရာသီအသစ် စတင်ချိန်တွင် စိုက်ပျိုးထုတ်လုပ်သူများက ၎င်းတို့လက်ဝယ်သိုလှောင်ထားသည့် ပဲများကို ဈေးကွက်သို့ထုတ်ရောင်းခြင်းသည် ဈေးနှုန်းများအပေါ်လွှမ်းမိုးသည့်အချက်ဖြစ်ကြောင်း၊ထို့ပြင် ဈေးနှုန်းပိုမိုသက်သာသော စားတော်ပဲဝါများအလွယ်တကူဝယ်ယူရရှိနိုင်ခြင်းကလည်း ပဲစင်းငုံစားသုံးမှုအပေါ်သက်ရောက်လျက်ရှိကြောင်း၊ ၂၀၂၅ မိုးရာသီ၌ စိုက်ပျိုးထုတ်လုပ်သည့် ပဲစင်းငုံသီးနှံအတွက် အနိမ့်ဆုံးထားရှိဝယ်ယူမည့် အခြေခံရည်ညွှန်းဈေးနှုန်းကို ၁ ကွင်တယ်လျှင် ရူပီး ၈၀၀၀နှုန်းသို့ တိုးမြှင့်လျက် ၂၀၂၄-၂၅ ဈေးကွက်ရာသီနှစ်အတွက် သီးနှံများအားဝယ်ယူသည့်ကာလကို အိန္ဒိယအစိုးရက တိုးမြှင့်ပေးခဲ့ခြင်းတို့သည် ပဲစိုက်တောင်သူများကို အကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း ပြောကြား ခဲ့သည်။

အိန္ဒိယ စားသုံးသူရေးရာဦးစီးဌာန၏ အချက်အလက်များအရ နိုင်ငံတစ်ဝှန်း၌ ပဲစင်းငုံခွဲခြမ်း ၏ ပျမ်းမျှလက်လီရောင်းဈေးသည် ၂၀၂၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ၁ ကီလိုဂရမ်လျှင် ၁၆၁ ဒသမ ၃ ရူပီးနှုန်း ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ် ဇွန်လ ၂၃ ရက်နေ့၌ ၁ ကီလိုဂရမ်လျှင် ၁၂၂ ဒသမ ၄၅ ရူပီးနှုန်းသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

**Source:TheHinduBusinessLine,23Jun2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## Tesla ရဲ့လျှပ်စစ်ကားရောင်းအား ထပ်မံကျဆင်း




အီလွန်မက်စ်ရဲ့နိုင်ငံရေးအမြင်တွေအပေါ် သပိတ်မှောက်မှုတွေ ဆက်လက်အားကောင်းနေပြီး ဝယ်သူတွေက ဝေးဝေးရှောင်နေတဲ့အတွက် တက်စလာရဲ့ လျှပ်စစ်ကားရောင်းအားဟာ ပြီးခဲ့တဲ့သုံးလအတွင်း အကြီးအကျယ် ကျဆင်းသွားတယ်လို့ AP သတင်းမှာ ရေးသားဖော်ပြထားပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အပြင် ဥရောပက လက်ယာစွန်းနိုင်ငံရေးသမားတွေနဲ့ပတ်သက်မှုကြောင့် တက်စလာတံဆိပ်အပေါ် ထိခိုက်မှုက ပိုမိုနက်ရှိုင်းလာပြီး တစ်နှစ်အတွင်း ကမ္ဘာ့တက်စလာကားရောင်းအားဟာ ၁၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့တာ ဖြစ်ပါတယ်။

မက်စ်နဲ့ထရမ့်တို့ရဲ့ လတ်တလောအငြင်းပွားမှုက ဝယ်သူတွေကို ပြန်ပြီး ဆွဲဆောင်နိုင်မလားဆိုတာ မသေချာပေမဲ့ သမ္မတထရမ့်က မက်စ်ရဲ့လုပ်ငန်းတွေကို ထောက်ပံ့ကြေး ရုပ်သိမ်းဆိုတဲ့ ခြိမ်းခြောက်မှုကြောင့် တက်စလာရဲ့ ရှယ်ယာတန်ဖိုးကလည်း ၅ ရာခိုင်နှုန်းကျော် ကျဆင်းသွားတယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့နှစ် ဧပြီလကနေ ဇွန်လအတွင်း တက်စလာကားရောင်းအားက အစီးရေ ၄ သိန်း ၄ သောင်းကျော် ရှိခဲ့ပေမဲ့ ဒီနှစ်မှာတော့ အဲဒီသုံးလအတွင်း အစီးရေ ၃ သိန်း ၈ သောင်းကျော်သာ ရောင်းချခဲ့ရပါတယ်။ အခုနှစ် သုံးလပတ်ကာလအတွင်း တက်စလာ ကားကုမ္ပဏီရဲ့အသားတင်ဝင်ငွေက ၇၁ ရာခိုင်နှုန်း ကျဆင်းသွားတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## STOCK EXCHANGE (4.7.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,877 (Shares) | 22,931,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +200 | +2.94% | 7,000 | 7,000 | 6,900 | 539 | 3,768,500 | 33,109,694 | 231,768 |
| MTSH | 00002 | 3,200 | -50 | -1.54% | 3,200 | 3,200 | 3,200 | 855 | 2,736,000 | 38,929,150 | 124,573 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,400 | 7,500 | 7,400 | 836 | 6,188,000 | 10,400,986 | 78,007 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,850 | 1,900 | 1,850 | 1,676 | 3,176,600 | 29,664,613 | 56,363 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 51 | 140,250 | 12,823,224 | 35,264 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,600 | 1,700 | 1,550 | 3,679 | 6,161,400 | 19,977,223 | 33,961 |
| AMATA | 00007 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 20 | 76,000 | 10,497,598 | 39,891 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,100 | 3,100 | 3,100 | 221 | 685,100 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 4th Jul. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.14 | +2.04 | +0.57% | 352.57 | 357.14 | 352.57 | 7,877 | 22,931,850 | 8 | 673,622 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 7th Jul. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,748 (Shares) | 22,427,500 (MMK) |

| MYANPIX | 353.43 ▼ 3.71 |
|---|---|
| Total Volume (shares) | 9,748 |
| Total Value (MMK) | 28 mil |
| Listed Company | 8 |
| Market Cap. (MMK) | 666,642 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,800 | ▼ 200 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 3,800 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |